# စစ်အုပ်စု၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

NYAN LYNN THIT ANALYTICA

## ၂၀၂၄ခုနှစ် မေလမှ ဩဂုတ်လအတွင်း စစ်အုပ်စု၏အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

၂၀၂၄ခုနှစ် မေလမှ ဩဂုတ်လအထိ (၄) လတာကာလအတွင်း နိုင်ငံတဝန်းရှိ မြို့နယ်(၃၅) မြို့နယ်တွင် အရပ်သားများအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံခဲ့ရသည့် ဖြစ်စဉ်ပေါင်း အနည်းဆုံး (၆၀) ကြိမ်ရှိခဲ့ပြီး အရပ်သားသေဆုံးသူစုစုပေါင်း (၇၀၅) ဦးရှိခဲ့သည်။ ၎င်းဖြစ်စဉ်များတွင် စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များမှာ ၉၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ကျူးလွန်သည့်အဖွဲ့အစည်းကို အတည်မပြုနိုင်သည့်ဖြစ်စဉ်များလည်း ပါဝင်ပါသည်။ စစ်ကောင်စီမှ ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ် စုစုပေါင်း(၅၆)ခု ရှိခဲ့ပြီး အရပ်သားသေဆုံးသူစုစုပေါင်း (၆၄၃)ဦးရှိခဲ့ပြီးသည်။ ထို့အပြင် ကျူးလွန်သည့်အဖွဲ့အစည်းကို မသိရှိရသောအစုလိုက်အပြုံလိုက်သေဆုံးရမှုဖြစ်စဉ် (၄) ခုရှိခဲ့ပြီး သေဆုံးသူ (၆၂) ဦးရှိခဲ့သည်။ ၂၀၂၄ခုနှစ် မေလမှ ဩဂုတ်လအထိ (၄) လတာအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုပုံစံများတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားများအား ပစ်မှတ်ထား၍ စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် လေကြောင်းအသုံးပြုခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်း၊ စစ်ကြောင်းထိုးဝင်ရောက်သတ်ဖြတ်ခြင်းများမှာ အများဆုံးဖြစ်ပြီး ဒရုန်းဖြင့်တိုက်ခိုက်ခြင်းအပါအဝင် အခြားပုံစံများဖြင့်လည်း ကျူးလွန်ခဲ့သည်။ ထို့အပြင် စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား နှစ်ဘက်အပြန်အလှန်တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အရပ်သားများအစုလိုက်အပြုံလိုက်သေဆုံးမှုများလည်း ရှိခဲ့သည်။




**ဖြစ်စဉ်ပေါင်း**

**၆၀**

၂၀၂၄ခုနှစ် မေလမှ ဩဂုတ်လအတွင်း

လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်

အနည်းဆုံး (၆၀) ခု ထိရှိခဲ့သည်။




| | |
|---|---|
| အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် | **၇၀၅** |
| လေကြောင်းအသုံးပြု၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် | **၂၄၁** |

၂၀၂၄ခုနှစ် မေလမှ ဩဂုတ်လအတွင်း လေကြောင်းအသုံးပြုမှုကြောင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရသောအရပ်သားအရေအတွက်သည် စုစုပေါင်း၏ ၃၈%ရှိသည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

# ၂၀၂၄ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ နိုင်ငံတဝှမ်းရှိ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကြောင့် အရပ်သားသေဆုံးမှုများ


၅ — ၇၈




| မြို့နယ် | သေဆုံးသူ စုစုပေါင်း |
|---|---|
| မောင်တော | ၇၈ |
| စစ်တွေ | ၇၆ |
| သံတွဲ | ၅၆ |
| စဥ့်ကူး | ၅၅ |
| မင်းကင်း | ၃၈ |

## (၁) လေကြောင်းအသုံးပြု၍ သတ်ဖြတ်ခြင်း


၂၀၂၄ခုနှစ်၊ မေလမှ သြဂုတ်လအထိ (၄)လတာကာလအတွင်း စစ်အုပ်စု၏ လေကြောင်းအသုံးပြု တိုက်ခိုက်မှုကြောင့် အရပ်သားအစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသည့်ဖြစ်စဉ်နှင့် သေဆုံးမှု အရေအတွက်မှာ အများဆုံးဖြစ်ခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတဝှမ်းတွင် လေကြောင်းအသုံးပြု တိုက်ခိုက်မှုကြောင့် အရပ်သားအစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသည့်ဖြစ်စဉ် အနည်းဆုံး (၂၄)ခု ရှိခဲ့ ပြီး သေဆုံးသူ စုစုပေါင်း (၂၇၁)ဦး ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များမှာ မန္တလေးတွင် (၆)ခု၊ ရခိုင်တွင် (၅)ခု၊ ရှမ်း(မြောက်)တွင် (၅)ခု၊ စစ်ကိုင်းတွင် (၃)ခု၊ မကွေးတွင် (၃) ခု၊ မွန်တွင် (၁)ခု နှင့် ချင်းတွင် (၁)ခု ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည်။ ထိုဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသည့်အရပ်သားများမှာ စစ်ကိုင်းတွင် (၆၇) ဦး၊ မန္တလေးတွင် (၅၇)ဦး၊ ရှမ်း(မြောက်)တွင် (၄၆)ဦး၊ ရခိုင်တွင် (၄၃)ဦး၊ မကွေး (၃၃)ဦး၊ မွန်တွင် (၂၀)ဦး နှင့် ချင်းတွင် (၅)ဦးတို့ဖြစ်ကြသည်။ ဇွန်လ (၃) ရက်နေ့တွင် စစ်ကိုင်း၊ မင်းကင်းမြို့နယ်၊ မတောရွာတွင် ဖြစ်ပွားခဲ့သော စစ်အုပ်စု၏ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုသည် အရပ်သားသေဆုံးမှုအများဆုံးဖြစ်ပြီး သေဆုံးသူ (၃၃) ဦးထိရှိခဲ့သည်။




၂၀၂၄ မေလမှ သြဂုတ်လအထိ စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်ကို မြို့နယ်အလိုက်ပြပုံ

## (၂) စစ်ကြောင်းထိုးဝင်ရောက်စဥ် သတ်ဖြတ်ခြင်း


အရပ်သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်များတွင် စစ်အုပ်စုနှင့် ပျူစောထီးများက တော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲဖြစ်ပွားရာ ဒေသများအနီးရှိ ကျေးရွာများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အားကောင်းသည်ဟု ယူဆသည့်ကျေးရွာများသို စစ်ကြောင်းထိုးဝင်ရောက်၍ အရပ်သားများကို ဖမ်းဆီးကာ ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား အဓမ္မပြုကျင့်၍သတ်ဖြတ်ခြင်း၊ ကျေးရွာများအားမီးရှို့၍ အရပ်သားများကိုသတ်ဖြတ်ခြင်း၊ အရပ်သားများကို လူသားဒိုင်းအဖြစ် စစ်ကြောင်းတလျှောက် ဖမ်းဆီးခေါ်ဆောင်၍သတ်ဖြတ်ခြင်း စသည့်ဖြစ်စဉ်များလည်း ရှိခဲ့သည်။ ၂၀၂၄ခုနှစ်၊ မေလ မှ ဩဂုတ်လအထိ (၄) လတာအတွင်း စစ်အုပ်စုမှ စစ်ကြောင်းထိုးဝင်ရောက်စဉ် အရပ်သားအစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့မှုဖြစ်စဉ် အနည်းဆုံး (၈) ခုရှိခဲ့ပြီး သေဆုံးသူစုစုပေါင်း (၁၅၅)ဦး ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များမှာ စစ်ကိုင်းတွင် (၄)ခု၊ မန္တလေးတွင် (၁)ခု၊ မကွေးတွင် (၁)ခု၊ ပဲခူးတွင် (၁)ခုနှင့် ရခိုင်တွင် (၁)ခုတို့ဖြစ်ကြသည်။ အရပ်သားအစုလိုက်အပြုံလိုက်သေဆုံးမှုများမှာ ရခိုင်တွင် (၇၆)ဦး၊ စစ်ကိုင်းတွင် (၆၀)ဦး၊ ပဲခူးတွင် (၈)ဦး၊ မကွေးတွင် (၆)ဦးနှင့် မန္တလေးတွင် (၅)ဦး တို့ဖြစ်ကြသည်။ ယင်းဖြစ်စဉ်များတွင် ၂၀၂၄ ခုနှစ်၊ မေလ (၂၉)ရက်နေ့ မှ (၃၁) ရက်နေ့အထိ စစ်တွေအခြေစိုက် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်-ဒကစ တပ်ဖွဲ့ဝင်များ၊ ပခုက္ကူအခြေစိုက် တပ်မ(၁၀၁)တပ်ဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (Arakan Liberation Army- ALP) တပ်ဖွဲ့ဝင်အချို့သည် ရခိုင်၊ စစ်တွေမြို့နယ်၊ ဗျိုင်းဖြူရွာ ခေါ် ဆတ်ရိုးကျရွာသို့ ဝင်ရောက်စီးနင်း၍ အမျိုးသမီးများကို အဓမ္မပြုကျင့်သတ်ဖြတ်ခြင်း၊ အမျိုးသားများကို ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ ကျူးလွန်ခဲ့ရာ အနည်းဆုံး အရပ်သား (၇၆) ဦးသေဆုံးခဲ့သည်ဟု သတင်းများတွင် ဖော်ပြပါရှိသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ မေလ (၁၁)ရက်နေ့တွင် စစ်အုပ်စုသည် စစ်ကိုင်း၊ မြင်းမူမြို့နယ်၊ လက်ထုတ္တောရွာသို့ စီးနင်းဝင်ရောက်၍ ရွာကိုပိတ်ဆို့ကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သောကြောင့် အရပ်သားသေဆုံးသူ အနည်းဆုံး (၃၂)ဦး ရှိခဲ့သည်။




၂၀၂၄ မေလ မှ ဩဂုတ်လအထိ
စစ်ကောင်စီမှ စစ်ကြောင်းထိုးဝင်ရောက်စဥ် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်ကို မြို့နယ်အလိုက်ပြပုံ

## (၃) လက်နက်ကြီးဖြင့် သတ်ဖြတ်ခြင်း

စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးငယ်များအပါအဝင် အရပ်သားများ အစုလိုက်အပြုံလိုက်သေဆုံးရသည့်ဖြစ်စဉ်များမှာ ဒုတိယအများဆုံးဖြစ်သည်။ ထို့အပြင် အရပ်သားများ၏ နေအိမ်အဆောက်အအုံများလည်း ပျက်စီးခဲ့ရသည်။ ၂၀၂၄ခုနှစ်၊ မေလမှ သြဂုတ်လအထိ (၄) လတာကာလအတွင်း စစ်အုပ်စု၏ လက်နက်ကြီးဖြင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ် အနည်းဆုံး (၁၄)ခု ရှိခဲ့ပြီး (၁၁၉)ဦး သေဆုံးခဲ့သည်။ အဆိုပါဖြစ်စဉ်များမှာ ရခိုင်တွင် (၆) ခု၊ ရှမ်း(မြောက်)တွင် (၃) ခု၊ စစ်ကိုင်းတွင် (၂) ခု၊ မန္တလေးတွင် (၂) ခု နှင့် မွန်တွင် (၁) ခုတို့ ဖြစ်ကြသည်။ ထိုဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသည့် အရပ်သားများမှာ ရခိုင်တွင် (၄၅) ဦး၊ မန္တလေးတွင် (၃၅) ဦး၊ စစ်ကိုင်းတွင် (၁၆) ဦး၊ ရှမ်း(မြောက်) တွင် (၁၆) ဦးနှင့် မွန်တွင် (၇) ဦးတို့ ဖြစ်ကြသည်။ ၂၀၂၄ ခုနှစ်၊ မေလ (၂၉) ရက်တွင် မန္တလေး၊ စဉ့်ကူးမြို့နယ်၊ ဒိုးနွယ်ရွာသို့ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ ဈေးနှင့် လက်ဖက်ရည်ဆိုင်သို့ကျရောက်ပြီး ကလေး (၂) ဦး အပါအဝင် အရပ်သား (၃၀) ခန့်အထိသေဆုံးခဲ့သည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ သြဂုတ်လ (၁၃) ရက်တွင် စစ်ကိုင်း၊ မုံရွာ-အမြင့်လမ်းဘေးရှိ ထနောင်းတောတောင်ရွာဈေးတန်းသို့ စစ်အုပ်စုမှ လက်နက်ကြီးပစ်ခတ်ခဲ့ရာ အရပ်သားသေဆုံးသူ အနည်းဆုံး (၁၁) ဦးရှိခဲ့သည်။




၂၀၂၄ မေလ မှ သြဂုတ်လအထိ  စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့်
အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်ကို မြို့နယ်အလိုက်ပြပုံ

### (၄) အခြားပုံစံများဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းများ

၂၀၂၄ ခုနှစ်၊ မေလ မှ ဩဂုတ်လ (၄)လတာအတွင်း စစ်အုပ်စုသည် အရပ်သားများအား အကြောင်းမဲ့ဖမ်းဆီးကာ နှိပ်စက်သတ်ဖြတ်ခြင်း၊ ပစ်ခတ်သတ်ဖြတ်ခြင်း၊ မီးရှို့သတ်ဖြတ်ခြင်းနှင့် အခြားသောသတ်ဖြတ်မှုပုံစံများကိုလည်း ကျူးလွန်ခဲ့သည်။ အဆိုပါသတ်ဖြတ်မှုများမှာ အနည်းဆုံး (၇)ခုရှိခဲ့ပြီး အနည်းဆုံးအရပ်သား (၇၂)ဦးသေဆုံးခဲ့သည်။ ထိုဖြစ်စဉ်များမှာ ရခိုင်တွင် (၃)ခု၊ စစ်ကိုင်းတွင် (၂)ခု၊ မန္တလေးနှင့် မကွေးတွင် (၁)ခုစီဖြစ်ကြသည်။ ၎င်းဖြစ်စဉ်များကြောင့် သေဆုံးသူ အရပ်သားများမှာ ရခိုင်တွင် (၅၀)ဦး၊ စစ်ကိုင်းတွင် (၁၀)ဦး၊ မန္တလေးတွင် (၇)ဦးနှင့် မကွေးတွင် (၅)ဦးရှိခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၉)ရက်နေ့တွင် ရခိုင်၊ မောင်တောမြို့နယ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘက်သို့သွားနေသော စက်လှေတစီးအား စစ်အုပ်စု၏ စစ်ရေယာဉ်မှ ဝင်တိုက်ခဲ့သဖြင့် ကလေးငယ် များအပါအဝင် ရိုဟင်ဂျာ အနည်းဆုံး (၃၈)ဦးသေဆုံးခဲ့သည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့တွင် စစ်အုပ်စုမှလက်နက်တပ်ဆင်ပေးထားသော အာဆာ (ARAKAN ROHINGYA SALVATION ARMY - ARSA) အဖွဲ့သည် ရခိုင်၊ ဘူးသီးတောင်မြို့နယ်မှ မောင်တောမြို့နယ်၊ ကြိမ်ချောင်းရွာသို့ ဖောကားဖြင့် ဈေးဝယ်လာသောအရပ်သားများအား ပစ်ခတ်ရာ အနည်းဆုံး အရပ်သား (၅)ဦးသေဆုံးခဲ့သည်။

### (၅) ဒရုန်းအသုံးပြု၍ သတ်ဖြတ်ခြင်း

၂၀၂၄ ခုနှစ် မေလမှ ဩဂုတ်လ (၄) လတာအတွင်း စစ်အုပ်စုမှ ဒရုန်းအသုံးပြု၍လည်း အရပ်သား များကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် ပဲခူး၊ ညောင် လေးပင်မြို့နယ်၊ ကောက်မယ်သူကျေးရွာအနီး၊ ညောင်လေးပင်-ကောက်မယ်သူလမ်းပေါ်ရှိ တံတား အနီးသို့ စစ်အုပ်စုမှ ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်ရာ ယင်းတံတားပေါ်တွင် သွားလာနေသော အရပ်သား(၇)ဦးသေဆုံးခဲ့သည်။


### (၆) နှစ်ဘက်အပြန်အလှန်တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အစုလိုက်အပြုံလိုက်သေဆုံးမှုများ

၂၀၂၄ခုနှစ်၊ မေလမှ ဩဂုတ်လအထိ (၄)လတာကာလတွင် နှစ်ဘက်အပြန်အလှန်တိုက်ပွဲဖြစ်ပွား စဉ်အတွင်း စစ်အုပ်စုမှ လေကြောင်း၊ လက်နက်ကြီးနှင့် ဒရုန်းအသုံးပြုပစ်ခတ်ခြင်းကြောင့် အရပ်သားများအစုလိုက်အပြုံလိုက်သေဆုံးခဲ့ရပြီး ဖြစ်စဉ်တခုတွင်မှ ကျူးလွန်သော အဖွဲ့အစည်း အမည်ကို သိရှိရခြင်းမရှိပေ။ ထို(၄)လတာကာလ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အရပ်သား အစုလိုက်အပြုံလိုက်သေဆုံးရသည့်ဖြစ်စဉ် (၅)ခုရှိခဲ့ပြီး အနည်းဆုံးသေဆုံးသူ (၆၁)ဦးရှိခဲ့သည်။ ထိုဖြစ်စဉ်များမှာ မန္တလေးတွင် (၂)ခု၊ စစ်ကိုင်းတွင် (၁)ခု၊ ရှမ်း(မြောက်)တွင် (၁)ခု၊ နှင့် ကချင်တွင် (၁)ခုတို့ဖြစ်ကြသည်။ အဆိုပါဖြစ်စဉ်များကြောင့် အရပ်သားအစုလိုက်အပြုံလိုက်သေဆုံးမှုများမှာ မန္တလေးတွင် (၃၈)ဦး၊ စစ်ကိုင်းတွင် (၁၀) ဦး၊ ရှမ်း(မြောက်)တွင် (၇)ဦး နှင့် ကချင်တွင် (၆)ဦးတို့ဖြစ် ကြသည်။ စစ်အုပ်စုသည် ၂၀၂၄ခုနှစ်၊ ဇွန်လ (၄)ရက်နေ့တွင် စစ်ကိုင်း၊ ကလေးမြို့နယ်၊ ပြည်တော် သာရွာအနီးဖြစ်ပွားခဲ့သော နှစ်ဘက်တိုက်ပွဲအတွင်း အရပ်သားပစ်မှတ်ထားလက်နက်ကြီးပစ်ခတ် ခြင်း၊ ဒရုန်းဖြင့်ဗုံးကြဲခြင်းများကြောင့် အနည်းဆုံးအရပ်သား (၁၀)ဦးသေဆုံးခဲ့သည်။ ၂၀၂၄ခုနှစ်၊ မေလ(၉)ရက်နေ့၌ မန္တလေး၊ မြင်းခြံမြို့နယ်၊ ဆုံရွာတွင်ဖြစ်ပွားခဲ့သော နှစ်ဘက်တိုက်ပွဲအတွင်း ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် အနည်းဆုံး အရပ်သား(၃၂)ဦးခန့်သေဆုံးခဲ့သည်ဟု သတင်းများမှ သိရှိရသည်။

၎င်းသေဆုံးမှုဖြစ်စဉ်နှင့် ပက်သက်၍ နှစ်ဘက်အပြန်အလှန်စွပ်စွဲမှုရှိခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ကျူးလွန်ခဲ့သည်ဟု စစ်အုပ်စုမှ ထုတ်ပြန်ငြင်းဆိုခဲ့သော်လည်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှမူ အရပ်သားပစ်မှတ်ထားတိုက်ခိုက်ခြင်း မရှိကြောင်းနှင့် တိုက်ပွဲဖြစ်စဉ်အတွင်း စစ်အုပ်စုမှ ကျေးရွာထဲသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်မှုလည်းရှိခဲ့သည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

### (၇) ကျူးလွန်သည့် အဖွဲ့အစည်းကို မသိရှိရသော အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း


၂၀၂၄ခုနှစ်၊ မေလမှ ဩဂုတ်လအထိ (၄)လတာအတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အမည်မသိရှိရသောအင်အားစုများ၏ ပစ်ခတ်မှုကြောင့် အရပ်သားအစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်စဉ် အနည်းဆုံး(၃)ခုရှိခဲ့ပြီး သေဆုံးသူ (၃၀)ဦးရှိခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လ(၈)ရက်တွင် မကွေး၊ မင်းဘူးမြို့နယ်၊ အမ်း-မင်းဘူးလမ်းပိုင်း၊ တုန်းကြီးကျေးရွာအနီးတွင် ခရီးသည်တင်ယာဉ်တစီးအား အမည်မသိရသောအဖွဲ့မှပစ်ခတ်ခဲ့ရာ ကလေးငယ်တဦးအပါအဝင် အနည်းဆုံး အရပ်သား (၅) ဦး သေဆုံးခဲ့သည်။ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ(၅)ရက်တွင် ရခိုင်၊ မောင်တောမြို့နယ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်ဘေးရှောင်ရန် ထွက်ပြေးကြသော စက်လှေများအား ဒရုန်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခံရမှုကြောင့် အနည်းဆုံး ရိုဟင်ဂျာ (၂၀)ဦးသေဆုံးခဲ့သည်ဟု သတင်းများတွင်ဖော်ပြပါသည်။ ၎င်းဖြစ်စဉ်အား အာရက္ခတပ်တော် (ARAKAN-AA) မှလုပ်ဆောင်သည်ဟု ဒေသခံအချို့မှဖြေကြားမှုများရှိသော်လည်း AA ၏ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခမှ မောင်တောမြို့သည် လက်နက်ကိုင်အဖွဲ့အစည်းအများအပြားရှိသည့်အပြင် AA မှ လုပ်ဆောင်သည်ဟု ဝါဒဖြန့်ခြင်းသာဖြစ်ပြီး ပြည်သူများအားဦးတည်တိုက်ခိုက်ခြင်းမရှိကြောင်း ဖြေကြားခဲ့သည်။ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်တွင် စစ်ကိုင်း၊ မုံရွာမြို့၊ ညောင်ပင်သာရပ်၊ ကမ်းနားလမ်းတွင် အမည်မသိရသောအင်အားစုမှ လက်နက်ကိုင် (၆)ဦး၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ကလေးငယ် (၂)ဦးအပါအဝင် အနည်းဆုံး အရပ်သား (၅) ဦးသေဆုံးခဲ့သည်။




၂၀၂၁ ဖေဖော်ဝါရီလ မှ ၂၀၂၄ ဩဂုတ်လအထိ စစ်အုပ်စုမှကျူးလွန်ခဲ့သော

| | | | |
|---|---|---|---|
| **အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်** | စုစုပေါင်း **၃၂၀** | **အစုလိုက်အပြုံလိုက် သေဆုံးမှုအရေအတွက်** | စုစုပေါင်း **၃၁၄၅** |

**စစ်ကိုင်း**တွင် ဖြစ်စဉ်ပေါင်း **၁၅၅ ခု** နှင့် သေဆုံးသူဦးရေ **၁၆၁၂ ဦး**ရှိခဲ့ပြီး စုစုပေါင်းဖြစ်စဉ်နှင့် သေဆုံးမှု၏ **ထက်ဝက်** ရှိခဲ့သည်။





၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၄ ဩဂုတ်လအထိ
စစ်ကောင်စီ၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့်သေဆုံးခဲ့သောအရပ်သားအရေအတွက်ကို ဒေသအလိုက်ပြပုံ




၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၄ ဩဂုတ်လအထိ
စစ်ကောင်စီ၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များကို ဒေသအလိုက်ပြပုံ

# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ အထိ နိုင်ငံတဝှမ်းရှိ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကြောင့် အရပ်သားသေဆုံးမှုများ

၅ ၂၁၇




| မြို့နယ် | သေဆုံးသူ စုစုပေါင်း |
|---|---|
| ကန့်ဘလူ | ၂၁၇ ဦး |
| ယင်းမာပင် | ၁၀၈ ဦး |
| စစ်တွေ | ၁၀၆ ဦး |
| မောင်တော | ၉၆ ဦး |
| ဖားကန့် | ၉၀ ဦး |

## သုတေသနနည်းနာ

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဆိုသည်မှာ ခုခံနိုင်ခြင်းမရှိသည့် လက်နက်မဲ့သူများ အထူးသဖြင့် အပြစ်မဲ့အရပ်သား အများအပြားကို သတ်ဖြတ်ခြင်းကို ဆိုလိုပါသည်။ ထိုသတ်ဖြတ်မှုများမှာ အချိန်အတိုင်းအတာတခုအတွင်း နေရာတခု (သို့) ဒေသတခု၌ အစုအဖွဲ့တခုမှ ကျူးလွန်ခြင်းဖြစ်သည်။ ဤအစီရင်ခံစာတွင် အရပ်သားများ အကြမ်းဖက်သတ်ဖြတ်ခြင်းခံရသည့် ပုံစံအမျိုးအစားများကိုပါ ထည့်သွင်းစဉ်းစားပါသည်။ ဤအစီရင်ခံစာသည် ၂၀၂၄ခုနှစ် မေလမှ ဩဂုတ်လအထိ (၄) လတာ ကာလအတွင်း စစ်အုပ်စုမှ ကျူးလွန်သည့် အရပ်သား (၅)ဦး နှင့် (၅)ဦး အထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များအပြင် ကျူးလွန်သည့်အဖွဲ့အစည်းအမည်ကိုမသိရှိရသော ဖြစ်စဉ်များကိုလည်း လေ့လာဆန်းစစ်ထားခြင်းဖြစ်ပါသည်။ ဤအချက်အလက်များကို တော်လှန်ရေးအဖွဲ့အစည်းများ၏သတင်းထုတ်ပြန်ချက်များနှင့် လွတ်လပ်သော သတင်းမီဒီယာ စုစုပေါင်း (၄၀) ခုမှ ဖော်ပြချက်များကို အခြေခံကာ ထုတ်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။

NYAN LYNN THIT ANALYTICA

